# ဘဏ်လုပ်ငန်း

## မိမိ၏ငွေကြေး စီမံဆောင်ရွက်မှု အချက်အလက်စာရွက်

ဘဏ်များမှာ သင့်ငွေကို လုံခြုံစွာထားရှိနိုင်သော နေရာများဖြစ်ပါသည်။

### ဘဏ်စာရင်း ဆိုတာဘာလဲ?

ဘဏ်စာရင်းတစ်ခုဆိုသည်မှာ ဘဏ်တွင် သင့်ငွေကိုထားထားမှု ဖြစ်ပါသည်၊ ယင်းကိုသင့်နာမည်နှင့် ထားပါသည်။ သင့်ဘဏ်စာရင်းထဲသို့ ငွေထည့်လျှင်၊ ယင်းကို ငွေသွင်းမှု ဟုခေါ်ပါသည်။ သင့်စာရင်းမှ ငွေထုတ်ယူလျှင်၊ ယင်းကို ငွေထုတ်မှုကို ခေါ်ပါသည်။

### ဘဏ်စာရင်းက ဘယ်လို အလုပ်ဖြစ်ပါသလဲ?

သင့်ဘဏ်မှတ်တမ်းများက သင့်ငွေသွင်းမှု (ထည့်)နှင့် ထုတ်မှု (ထုတ်ယူ)ကို မှတ်တမ်းထားပါသည်။ သင့် ဘဏ်လက်ကျန်ဆိုသည်မှာ သင့်စာရင်း၌ ယင်းအချိန်တွင်ရှိသည့် သင့်ငွေကြေး ပမာဏဖြစ်ပါသည်။ ဘဏ် တွင် သင့်စာရင်းဖွင့်သည့်အခါ သင့်ကိုငွေထုတ်ကဒ်နှင့် သင့်တဦးချင်းအတွက် သတ်မှတ်ထားသည့် နံပါတ် (ပင်း PIN) ပေးပါလိမ့်မည်။

### ငွေထုတ်ကဒ်ဆိုတာဘာလဲ?

ငွေထုတ်ကဒ်ဆိုသည်မှာ သင့်ဘဏ်စာရင်းမှ ငွေသားထုတ်ယူရန်၄င်း၊ ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် ငွေချေရန်၄င်း သုံးနိုင်သည့် ပလပ်စတစ်ကဒ်ပြားတစ်ခုဖြစ်ပါသည်။ ယင်းသည် သင့်ဘဏ်စာရင်း နှင့် ဆက်သွယ်ထားပြီး သင့်ငွေကိုသာ ကိုင်တွယ်ပါသည်။

### ပင်း (PIN) ဆိုတာဘာလဲ?

သင့် ဘဏ်စာရင်းကိုဆက်နွယ်နိုင်သည့် ဂဏန်းလေးလုံးပါသည့်၊ သင့်ကိုယ်ပိုင်နံပါတ်ဖြစ်သည်။

### သင့်ပိုက်ဆံကို ဘယ်သို့ရယူသလဲ?

သင့်စာရင်းမှ ငွေထုတ်ရန် သင်၏ ငွေထုတ်ကဒ်နှင့် သင့်ပင်းနံပါတ် လိုအပ်ပါမည်။

**ငွေအလိုအလျောက်ထုတ်ပေးစက်** – အေတီအမ် (ATM) သည် ဘဏ်အသုံးပြုသူများအား ဘဏ်ရုံးခွဲတစ်ခုအတွင်းသို့ သွားစရာမလိုဘဲ ငွေထုတ်ယူနိုင်စေသည့် စက်ဖြစ်ပါသည်။

**အရောင်းအဝယ်ဖြစ်သည့်နေရာ၌ ငွေကို အီလက်ထရွန်နစ်ဖြင့် လွှဲပေးခြင်း အက်ဖ်(တ်)ပိုစ့်** EFTPOS ဆိုသည်မှာ ငွေသားကို ကိုင်ထားစရာမလိုဘဲ၊ ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် ငွေပေးချေစေနိုင်သော နည်းတစ်ခုဖြစ်သည်။

### သတိပြုပါ –

- ဘဏ်သုံးခြင်းဆိုသည်မှာ သင့်ငွေကို စိတ်ချစွာ ဘဏ်၊ ငွေစု ငွေချေးအသင်း သို့မဟုတ် ဆောက်လုပ်ရေး အဖွဲ့တခုခုတွင်ထားခြင်း ဖြစ်ပါသည်။
- ပင်း (PIN) ဆိုသည်မှာ ကိုယ့်ဘဏ်ငွေကို ထုတ်သွင်းသည့်အခါ မိမိတစ်ဦးတည်း သုံးသည့် နံပါတ်ဖြစ် သည်။
- သင့်ပင်းနံပါတ်ကို မည်သူ့ကိုမျှ မပြောပြပါနှင့်၊
- သင့်ဘဏ်ကဒ်နှင့်အတူ ပင်းနံပါတ်ကို မထားပါနှင့်။

သင့်ဘဏ် စာရင်းနှင့် အခကြေးများအကြောင်း ပိုသိရန် သင့်ဘဏ်ကို ဆက်သွယ်၍သော်၎င်း၊ သင့် ဘဏ်၏ဝက်ဘ်ဆိုက်ကို ဝင်ကြည့်၍သော်၎င်း ပြုလုပ်နိုင်ပါသည်။



### လီစာကို ဘဏ်မှ အသုံးပြုခ အခကြေးငွေများယူပါသည်။

တနင်္လာနေ့တွင် လီစာသည် အင်္ဂလိပ်စာသင်တန်းသို့ သွားရန် ရထားလက်မှတ်ဝယ်ဖို့ Commonwealth ဘဏ်၏ အေတီအမ်တစ်ခုမှ ငွေဒေါ်လာ ၂၀ထုတ်ယူပါသည်။ အင်္ဂါနေ့တွင် စာသင်ခန်းအတွက် စာအုပ်ဝယ်ရန် စာအုပ်ဆိုင်အပြင်ရှိ Westpac အေတီအမ်မှ ဒေါ်လာ ၂၀ ထုတ်ယူပါသည်။ ဗုဒ္ဓဟူးနေ့တွင် သူမသည် ရုပ်ရှင် သွားကြည့်ရာ၌ရုပ်ရှင်ရုံရှိ ANZ အေတီအမ်မှ ဒေါ်လာ ၃၀ ထုတ်ယူပါသည်။

စင်တာလင့်မှပေးငွေသည် သူမ၏ ဘဏ်စာရင်းထဲသို့ ကြာသပတေးနေ့တွင်ဝင်သည့်အကြောင်း လီစာသိပါသည်။ သူမ၏ ရပ်ကွက်မှဈေးများရှိရာ နေရာကြီးတွင်ရှိသော Commonwealth အေတီ အမ်သို့သွားပြီး သူ့စာရင်းထဲ ငွေဝင်မဝင်ကို သွား ကြည့်ပါသည်။ သူမထင်ထားတာထက်ငွေနည်းနေ၍ လီစာ အံ့ဩသွားပါသည်။ သူမမှာ အိမ်ငှါးခပေးရန် နှင့် အစားအစာဝယ်ရန် လိုသဖြင့် စိတ်ပူပင်ပါသည်။

လီစာသည် သူမ၏စာရင်းထဲ၌ ဘာကြောင့် ငွေမရှိကြောင်းနားမလည်ဘဲ၊ အေတီအမ်မှ မှားယွင်းပြီး၊ သူမကို စာရင်းအမှားကိုပြသည်ဟု စဉ်းစားမိသည်။ ထို့ကြောင့် သူမ၏ ဘဏ်သို့သွားပြီး၊ ထိုဘဏ်၌အ လုပ်လုပ် သော ဆန်းဒိ(ပ်)ကို ပြောပါသည်။

ဆန်းဒိ(ပ်)က ဘဏ်မှပေးသော လီစာ၏ဘဏ်စာရင်း ပမာဏမှန်ကြောင်းရှင်းပြပါသည်။ အချို့အေတီအမ်များမှ လီစာငွေထုတ်ယူမှုအများအတွက် သူမထံမှ ဘဏ်အခများနှုတ်ယူရသည့်အတွက် သူမတွင် ငွေပမာဏလျော့နေကြောင်းလည်း ရှင်းပြပါသည်။ လီစာသည် သူမ၏ဘဏ်မှမဟုတ်သော အေတီအမ်များ၌ ငွေထုတ်သည့်အခါနှင့် မိမိ၏ ဘဏ်အေတီအမ်မှ တစ်ပါတ်အတွင်း အကြိမ်များစွာထုတ်လျှင်လည်း ဘဏ်အခပေး ရကြောင်း ဆန်းဒိ(ပ်)က ရှင်းပြပါသည်။

လီစာအနေဖြင့် တပါတ်တွင်းသုံးငွေမည်မျှလိုမည်ကိုသိရန် ရသုံးငွေစာရင်းဆွဲဖို့ ဆန်းဒိ(ပ်)က အ ကြံပေး ပါသည်။ ယင်းနောက် တစ်ကြိမ်တည်းဖြင့်ထိုလိုငွေကို အေတီအမ်တစ်ခုမှ ထုတ်ရန် သူအကြံပေး ပါသည်။ ဤသို့လုပ်ခြင်းဖြင့် အကြိမ်များစွာငွေထုတ်မှုကြောင့် အခတောင်းခံမှုကို ရှောင်ကြဉ်နိုင်သည့် နည်းတစ်ခုဖြစ်ပါသည်။

© ASIC 2012 all rights reserved

This page has been intentionally left blank.

© ASIC 2012 all rights reserved